# ဘာလို့ ပုံမှန်အထွေထွေ ဆရာဝန်(PCP)ကို သင် လိုအပ်တာလဲ။

## ပိုကောင်းသော ပြုစုစောင့်ရှောက်မှုကို ရရှိခြင်း။ ။

ပုံမှန်အထွေထွေဆရာဝန်သည် သင်နှင့် သင်၏ ဆေးမှတ်တမ်းသမိုင်းများကိုသိသည်။ သူတို့သည် ကျန်းမာရေးစစ်ဆေးမှုများကိုပံ့ပိုးပေးပြီး အနာဂတ်တွင် ကြီးမားသောကျန်းမာရေးပြသနာများမဖြစ်အောင် သင့်ကိုယ်သင်ဂရုစိုက်နိုင်ရန် ကူညီပေးသည်။ လိုအပ်လျှင် သူတို့မှသင့်ကို အထူးကုများဆီသို့ညွှန်ပေးနိုင်ပါသည်။

## အချိန်ကုန်သက်သာခြင်း။ ။

သင်သည် အသိအမှတ်ပြုထားသောလူနာဖြစ်လျှင် PCP အများစုသည် ရက်ချိန်းကြိုမယူထားဘဲ သွားရောက်ကုသမှုခံယူနိုင်ခြင်း သို့မဟုတ်၊ ဖျားနာမှုများရှိခဲ့လျှင် ရက်ချိန်းကို လျှင်မြန်စွာ ရရှိနိုင်ခြင်း စသည်တို့ကို ကမ်းလှမ်းပါသည်။ အရေးပေါ်ဆေးခန်းများ (ER နှင့် Urgent care) ကဲ့သို့ ကုသမှုရယူရန်အတွက် စောင့်ဆိုင်းရန်မလိုပါ။

ကျန်းမာရေးအခြေအနေများစွာသည် အထူးကုဆရာဝန်များမလိုအပ်ပါ။ PCP များသည် အသေးစားကုသမှု အများစုကို ဆေးခန်းတွင်ကုသမှုပေးနိုင်ပြီး သင့်အနေနှင့် အခြားဆရာဝန်များစွာထံသို့ ပြသရန်မလိုပါ။

မြောက်များစွာသော PCP များသည် အသက်အရွယ်မရွေး ကုသမှုကိုပေးသည်။ မိသားစုတစ်စုလုံး ဆေးခန်းတစ်ခုထဲတွင်ကုသမှုကို ခံယူနိုင်ပါသည်။

## ဈေးနှုန်း ချိုသာခြင်း။ ။

ပုံမှန်ဆေးခန်းသည် များသောအားဖြင့် အရေးပေါ်ဆေးခန်းနှင့် ER များထက် အိတ်ဆိုက်ပေးငွေ (copay) အလွန်နည်းပါးပါသည်။

ကျန်းမာရေး အာမခံ (Insurance) ရှိသောသူများအတွက် နှစ်စဉ် ကျန်းမာရေးစစ်ဆေးမှုများကို အိတ်ဆိုက်ငွေ (copay) ပေးစရာမလိုရန် ဥပဒေအရ သတ်မှတ်ထားပါသည်။ အခွင့်ကောင်းယူပါ။

## ကျွန်ုပ်တို့၏ ဝဘ်ဆိုက် သို့ လေ့လာပါ။ ။

Battle Creek ဒေသရှိ PCP များ၊ ဝန်ဆောင်မှုပေးသည့် အသက်အရွယ်၊ သူတို့လက်ခံသည် ကျန်းမာရေး အာမခံ (insurance) စသည့် ကျွန်ုပ်တို့စာရင်းစုထားသည့် အချက်အလက်များ နှင့် အခြားအရာများကိုလေ့လာပါ။

## သင်၏အခွင့်အရေးကို သိပါ။ ။

Title VI of the Civil Rights Act နိုင်ငံသား အခွင့်အရေးအက် ဥပဒေခေါင်းစဉ် ၆ အရ အင်္ဂလိပ်စာ/စကား ကျွမ်းကျင်မှုအားနည်းသောလူနာများအတွက် ဘာသာစကားပြန် ဝန်ဆောင်မှုများပေးရမည်။

သင်၏ကျန်းမာရေးအချက်အလက်များကိုလျှို့ဝှက်ထားပေးခြင်း၊ လေးလေးစားစားဆက်ဆံခြင်းနှင့် သင်ရရှိသောမည်သည့်ကုသမှုမျိုးကိုမဆို အကျိုးအကြောင်းအသိပြုချက်ရယူခြင်းစသည်တို့နှင့် အခြား အခွင့်အရေးများကိုလည်း သင်ရနိုင်ပါသည်။

## ကျွန်တော်တို့ ကူညီနိုင်သည်။ ။

ကျွန်ုပ်တို့၏ရုံးသို့လာရောက်၍ဖြစ်စေ သို့မဟုတ် ရက်ချိန်းယူခြင်းဖြင့် အောက်ပါအကူအညီများရယူပါ။

- ဆရာဝန်ရှာဖွေခြင်း
- ရက်ချိန်းရယူခြင်း
- သင့်ကျန်းမာရေး အာမခံ (insurance) မည်မျှအကျုံးဝင်ခြင်းကို တွက်ဆခြင်း
- အာမခံ (insurance) လျှောက်တင်ခြင်း
- ဆေးရုံမှငွေတောင်းလွှာ (bills) များကို နားလည်ခြင်း
    - ဥပမာ- လူနာတင်ကားခသည် ဆရာဝန်ခနှင့် မတူပါ။
- ဖောင်များ ဖြည့်စွက်ခြင်း
- သင့်ရဲ့ အခွင့်အရေးအတွက် ထောက်ခံအားပေးခြင်း


Burma Center

765 Upton Ave.
Springfield, MI 49037
269-441-1131
www.burmacenterusa.org
office@burmacenterusa.org


# သင့်မှာ ပုံမှန်အထွေထွေဆရာဝန် (PCP) ရှိပါသလား?

“ရှိပါသည်” ဟုဖြေဆိုခြင်းက အဘယ်ကြောင့် အရေးကြီးသနည်း?



A COMMUNITY RESOURCE FROM
THE BURMA CENTER

# မည်သည့်အချိန်တွင် သင်၏ ပုံမှန်အထွေထွေ ဆရာဝန် ထံသို့ သွားသင့်သနည်း

## ပထမဦးဆုံးဆက်သွယ်ရန်မှာ



- ကျန်းမာရေးစစ်ဆေးခြင်း (နှစ်စဉ် စစ်ဆေးခြင်း)
- ကိုယ်ခန္ဓာကျန်းမာရေးစစ်ဆေးခြင်း (ကျောင်း၊ အလုပ် စသည်ဖြင့်)
- ဖျားနာခြင်းကြောင့် ဆေးကုသမှုရယူခြင်း
- အထူးကုဆရာများထံသို့ ညွှန်ပေးခြင်း
- ကာကွယ်ဆေးနှင့် ကိုယ်ခံအားဆေးထိုးခြင်း
- ဆီးချို၊ သွေးတိုး (သို့) စိတ်ဓာတ်ကျရောဂါကဲ့သို့နာတာရှည်အခြေအနေများကို စီမံခန့်ခွဲခြင်း
- သားဖွားနှင့် သားဖွားမီးယပ်ရောဂါကုသမှုဝန်ဆောင်မှုများ (OB/GYN)
- မိသားစု စီမံကိန်းဆွဲခြင်း
- ဆေးဝါးများ ပြန်လည်ဖြည့်ဆည်းပေးခြင်း

# မည်သည်အချိန်တွင် အရေးပေါ်ဆေးခန်း (URGENT CARE) သို့သွားသင့်သနည်း

## PCP ရုံးများပိတ်ခဲ့ပြီး အသက်အန္တရာယ်စိုးရိမ်ဖွယ်မဟုတ်လျှင်

- အသေးစား အနာဒဏ်ရာများအတွက်ချုပ်ရိုးလိုအပ်မှုများ
- အလယ်အလတ်တုပ်ကွေးကဲ့သို့လက္ခဏာများ
- အသေးစား အဆစ်လွဲခြင်း
- အဖျားအနည်းငယ်ရှိခြင်း



- အနည်းငယ်မှ အလယ်အလတ် ရင်ဘတ်သို့မဟုတ် ဗိုက်နာခြင်း
- ရေဓာတ်ကုန်ခန်းခြင်း
- လည်ချောင်းနာ၊ နားကိုက်ခြင်း
- အနည်းငယ် မှ အလယ်အလတ် အသက်ရှူရန်ခက်ခဲခြင်း
- ဆီးလမ်းကြောင်းရောဂါပိုးဝင်ခြင်း (UTI)

# မည်သည့်အချိန်တွင် အရေးပေါ်ဌာန (EMERGENCY ROOM) (ER) သို့သွားသင့်သနည်း?

## ချက်ချင်းကုသမှုခံယူရမည့် အခြေအနေများ

- မတော်တဆထိခိုက်ဆမှုများ၊ ပြင်းထန်သောခန္ဓာကိုယ်ပိုင်းဆိုင်ရာထိခိုက်မှုများ၊ အရိုးများကျိုးခြင်း
- ပြင်းထန်သောဓာတ်မတည့်မှုများ
- ပြင်းထန်သော ရင်ဘတ်/ဗိုက် နာခြင်း
- ပြင်းထန်စွာ အသက်ရှူရန်ခက်ခဲခြင်း
- အဖျားတက်ခြင်း၊ မူးမေ့ခြင်း
- အားနည်းခြင်း၊ ထုံကျင်ခြင်း
- ကိုယ်ဝန်ဆောင်နေစဉ် မိန်းမကိုယ်မှသွေးဆင်းခြင်း
- နှလုံးသွေးကြော ရုတ်တရက်ပိတ်ဆို့ခြင်း လေဖြတ်ခြင်း၏လက္ခဏာများ
- ထိန်းမနိုင်သိမ်းမရသွေးထွက်ခြင်း
- မိမိကိုယ်ကိုသတ်သေရန်စိတ်ကူးရှိခြင်း/ခံစားခြင်း
- အဆိပ်သင့်ခြင်း



911